
mgyoe.com



# ဒိုင်မြဲကျော်ဆွာ


## ကျူရှိဆာဝါရောင်းရန်

စိုင်းဝင်းမြင့်စီစဉ်သည်။

789997 117854

mgyoe.com

mgyoe.com



ISBN9789997117854
POEMS5
9 789997 117854
2,000.00KS

mgyoe.com

ကုရိဆာဝါရောင်းရန်၊ နိုင်ငြိကျော်စွာ
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၉၃+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ကူရှိဆာဝါရောင်းရန် နိုင်မြဲကျော်စွာ

ပထမအကြိမ် ၂၀၁၃

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အဲ့ဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ

※ ခိုင်မြကျော်စွာအသစ် . . . . . . . . . . က

※ ကူရှိဆာဝါအသစ် . . . . . . . . . . ၁
၁။ လပြည့်ည . . . . . . . . . . ၂
၂။ ငါ့ကဗျာတွေကြီးလာတဲ့အခါ . . . . . . . . . . ၃
၃။ ကျေးညီနောင် . . . . . . . . . . ၆
၄။ ကန်ရေပြင် . . . . . . . . . . ၈
၅။ လွှမ်းစေတီ . . . . . . . . . . ၉
၆။ အနမ်း . . . . . . . . . . ၁၁
၇။ မိသားစု . . . . . . . . . . ၁၂
၈။ ကဏန်းမဆလာကောင်ရဲ့ပလတ်စတစ်အိတ် . . . . . . . . . . ၁၃
၉။ ငါ့ရန်သူဟာငါ့လူနာ . . . . . . . . . . ၁၄

※ ကူရှိဆာဝါစကားပြန် . . . . . . . . . . ၁၅
၁။ လေညင်းလေးကို ပြန်ပေးဆွဲတုန်းကပေါ့ . . . . . . . . . . ၁၆
၂။ လမ်းတွေက တော်လှန်ရေးနဲ့ မဆုံတဲ့ကမ္ဘာ . . . . . . . . . . ၁၈

mgyoe.com

mgyoe.com


၃။ ကျွန်မက ဒီလိုမိန်းမစားဆိုတာ ဘယ်လိုမိန်းမစားလဲ . . . . . . . ၂၀
၄။ အင်တာဗျူးထဲက ဆာအလက်စ်ဖာဂူဆန်ကို လှုပ်ချခြင်း . . . . . . . ၂၁
၅။ တောင်ခြစ်မျောက်ချစ်တနင်္ဂနွေ . . . . . . . . . . . ၂၄
၆။ မိုးပေါ်လွှင့်တင်လိုက်တဲ့ကြွေတွေ
ဦးခေါင်းပေါ်ပြန်ကျလာတဲ့အခါ . . . . . . . . . . . ၂၅
၇။ အစာ အစာအိမ်ပေါ်မှာ မွေးကတည်းက
ဆေးမင်ကြောင် ထိုးထားတယ် သတ္တိ . . . . . . . . . . . ၂၇
၈။ ဘောင်းဘီထဲမှာပိုက်ဆံအိတ်အပြင်လက်တွေ့ကျတဲ့အရာ
တစ်ခုရှိသေးတယ် တောခွေးတွေက-၂ . . . . . . . . . . . ၂၉
၉။ ကပ္ပိတန် ဒီအမည်းကောင်တွေကို
လှည်းပေါ်တင်လိုက်ဆိုတဲ့ နေ့မျိုးတွေ . . . . . . . . . . . ၃၁
၁၀။ သောက်ကျိုးနည်းကောင်းတဲ့ အလွမ်းပူတွေ ငါ့မှန်ထဲမှာ . . . . . . ၃၂
၁၁။ ခွေးပေါက်စလေးများ လိုက်ကြည့် ရိုက်ကြည့်ခြင်း . . . . . . . ၃၄
၁၂။ သကြားလုံးဆိုင်က သတ်သတ်လွတ်မောင်းတဲ့လေယာဉ်ပျံ . . . . . ၃၅
၁၃။ ဂျော်ဂျီယာစစ်ကား/ရုရှား
DNA/အခြားတိမ်တိမ်ဝင်ဝင်အတွေးများ . . . . . . . . . . . ၃၇
၁၄။ အိပ်မက်ကိုလက်မှတ်ရေးထိုးခြင်း . . . . . . . . . . . ၃၉
၁၅။ တောင်ပြီး။ပြီးတောင်။ပြီးတုံ့။ပြီးလှယ် . . . . . . . . . . . ၄၀

⁜ ကူရှိဆာဝါရေငုပ်သင်္ဘော . . . . . . . . . . ၄၃
၁။ ငါ့ ပထဝီဝင် . . . . . . . . . . ၄၄
၂။ မျောက်ပန်းသီး . . . . . . . . . . ၄၅
၃။ စာ . . . . . . . . . . ၄၆
၄။ သက်သတ်လွတ်နေ့များ သို့ . . . . . . . . . . ၄၉
၅။ Body . . . . . . . . . . ၅၀
၆။ သမိုင်း . . . . . . . . . . ၅၁
၇။ Ringtone . . . . . . . . . . ၅၂


mgyoe.com

mgyoe.com


၈။ ယင်ကောင် . . . . . . . . . . ၅၅

၉။ Fire, Fire, Fire . . . . . . . . . . ၅၇

၁၀။ ဗင်းဆင့်က သော့ထားတဲ့နေရာ ပြောမပြခဲ့ဘူး . . . . . . . ၅၉

၁၁။ ရမ္မက်ဇီဝရုပ် ပူစီဖောင်းလေးများကို ဘလော့ဂ်လိုက်ပါတယ် . . . ၆၂

၁၂။ သတင်းပေးတွေ ဆောက်တစ်လက်နဲ့<br>နေ့ရယ်ညရယ် ခြစ်ယူသွားပြီးခဲ့တိုင်အောင် . . . . . . . . . . ၆၄

၁၃။ အာမခံကြေး ပေးရတဲ့မိန့်ခွန်းကို<br>သွားစိုက်ဆိုင်မှာ အသုံးချလိုက်ပါတယ် . . . . . . . . . . ၆၆

၁၄။ အခုရောက်နေတာ ဂျနီဗာရေပန်းဥယျာဉ် မဟုတ်ဘူး . . . . . . ၆၈

※ ကူရှိဆာဝါဓာတ်ဆီဆိုင် . . . . . . . . . . ၇၁

၁။ မိန်းမခြေထောက် . . . . . . . . . . ၇၂

၂။ မူရင်းသီချင်း . . . . . . . . . . ၇၃

၃။ အချိန်ရရင်ဟိမဝန္တာကို . . . . . . . . . . ၇၄

၄။ ရက်သတ္တပတ်ကော်ရည်ခေါက်ဆွဲပြုလုပ်နည်း . . . . . . . . . . ၇၅

၅။ ငါးသလောက်တစ်ကောင်ရဲ့ ငါးဘာသာငါးဗေဒ . . . . . . . ၇၆

၆။ Cannibalism နေထိုင်နည်းနှင့် စကားစမြည် . . . . . . . . . . ၇၉

၇။ ကောင်မလေးကဝေလင်ါးဖြစ်တယ် . . . . . . . . . . ၈၁

၈။ ဒါရိုက်တာကြီးကင်ငါ့ကိုခုန်ခိုင်းတယ် . . . . . . . . . . ၈၂

၉။ ငရဲဘုံရောက် ငှက်ပျောသီးတစ်ယောက် . . . . . . . . . . ၈၃

၁၀။ အရက်ကျားတစ်ကောင် တောင်ပံနာနေတယ်ခုတလော . . . . . . ၈၆

၁၁။ ကျွန်တော့်မှာ bra ရှိလား . . . . . . . . . . ၈၇

၁၂။ ငြိမ်းချမ်းရေးစာရင်းကိုင်တစ်ယောက်ရဲ့မှတ်တမ်းမှတ်ရာ . . . . . ၈၉

၁၃။ ကူရှိဆာဝါရောင်းရန် . . . . . . . . . . ၉၀

၁၄။ ၃၅၃၈ . . . . . . . . . . ၉၂




mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



## ဒိုင်ပြင်ကျော်စွာအသစ်

ကျွန်တော်ကဗျာရေးရတာပျော်တယ်။
ပရော်ဖက်ရှင်နယ်ကဗျာရေးသူတစ်ယောက်အဖြစ် ရပ်တည်ရတာ။
ကဗျာရဲ့မျှော်လင့်ခြင်းဘက်တီးရိုးယားအသစ်က မမျှော်လင့်ခြင်းမှုဆီကလာတယ်။
ကျွန်တော့်ကျိုးကြောင်းဆက်နွယ်မှုကိုဖြိုဖျက်ပစ်ဖို့ကျွန်တော့်ပင်နီဆလင်အမြင်သစ်ကိုပွဲထုတ်တယ်။
လူတကာ့ခြေအိတ်ထဲက ရေစိုနေတဲ့ ခေတ်ပေါ်ကဗျာ main stream ကို
အပွင့်စနစ်မီးပူနဲ့ထိုးချင်တယ်။
၂၀၁၂၊ ၂၀၁၃ အသစ်အဆန်းဖောက်လုပ်ခဲ့တဲ့ကဗျာတူးမြောင်းတွေကိုကျွန်တော့်ဉာဏ်စက္ကူနဲ့
အကုန်စုတ်ယူဖို့ ကြိုးစားပမ်းစားလုပ်ခဲ့။
စာလုံးတစ်လုံးမှာခေတ်မတည့်တဲ့အဓိပ္ပာယ်။
ကလန်ကဆန်နိုင်နေတဲ့လိုင်းများ။
ခုန်ဆွခုန်ဆွဖြစ်နေတဲ့ကဗျာ။
ကျွန်တော့်ကဗျာသင်္ကေတ နှောင်းပိုင်းမှာကျွန်တော့်ရဲ့ဉာဏ်မိုးရေထဲကိုလက်ထိုးခံပြီး
အဓိပ္ပာယ်လက်ဆုပ်လက်ကိုင်ပြနိုင်မှုမရှိတဲ့ကဗျာတွေ။
သမိုင်းမှာ
အရေးပါပြီးလွှမ်းမိုးနိုင်တဲ့ဖန်တီးသူ
ကူရိုဆာဝါကိုအားကျတယ်။

mgyoe.com

mgyoe.com



ရုပ်ရှင်ဟာရုပ်ရှင်ဆန်မှုကိုဆန့်ကျင်ပြီး ရုပ်ရှင်ဖြစ်လာတယ်ဆိုတဲ့အကြောင်းကို အားကျတယ်။

ကျွန်တော်လည်းကဗျာဆန်မှုပစ္စည်းကိုတွန်းထုတ်ပစ်မိတဲ့အကြောင်း။
ကျွန်တော်ဟာကဗျာအမြင်အသစ်တွေရဲ့သြဇာခံဖြစ်တဲ့အကြောင်း။
ဆင်ခြင်တုံတရားကိုဆင်ခြင်ဖို့ပျင်းရိငြီးငွေ့တဲ့ဒြပ်သားဘက်က၊ ကဗျာဖြစ်တဲ့အကြောင်း။
ကဗျာပညာတတ်ဖြစ်ဖို့လေ့ကျင့်စမ်းသပ်ရင်းရေးသားနေတဲ့ကဗျာဖြစ်တဲ့အကြောင်း။
ကောက်ရ/ရွေးချယ်//တည်ဆောက်///...
ကျွန်တော့်ကဗျာတွေကို ဆက်လက်ဖတ်ကြည့်စေချင်ပါတယ်...

နိုင်မြဲကျော်စွာ
၂၂၊ မတ်၊ ၂၀၁၉။

❒

mgyoe.com

mgyoe.com

# ကူရှိဆာဝါဒသစ်

mgyoe.com

mgyoe.com


# လပြည့်ည

အနော်မာသောင်ကမ်းခြေမှာတိုးဂိတ်မရှိခဲ့
လပြည့်တဲ့နေ့ကသိကြားမင်းဝတ်စုံပေါ် ဘရာဆန်းဆန်းကြီးဝတ်ပြီး
နိုးလာတယ်
ဆောက်လက်စအနမ်းမှာ ကိုယ်ဝန်ရှိမရှိ စစ်ဆေးတယ်
ကျွန်ုပ်သမားတော်ကပြောတယ် သင့်အချစ်ဟာ ငါ့ရဲ့ဘတ်စ်ကားစနစ်ဖြစ်တယ်။

ငါ့ပင်လယ်က ရေမှာပေါ်တယ်
ငါ့ရဲ့ဉာဏ်အနမ်းဟာ သင့်အတွက်မျက်မှန်လိုတယ်
ငါဟာ ကောင်မလေးရဲ့နာမည်ပုလင်းကြီးချိတ်ထားတဲ့ ဘိုးတော်
ငှက်ပျောပွဲအုန်းပွဲစီရင်စုမှာ ရင် ၃ တန် ကုန် ၃ တန်ကို
အလစ်သုတ်ကြပါစို့။

လမင်းရဲ့ငွေရောင်မော်လီကျူးကို ငါတို့တားဆေးက
အလုပ်ထုတ်ပစ်လိုက်တယ်
ပိုးစုန်းကြူးလေးကရေနေ့ ၂၀၀ ဖိုးလောက်နဲ့ရှက်နေတယ်
တို့နှစ်ယောက်လောကအမွန်ဟာ ဆပ်စလူးပန်းတိုင်ပေါ်ပတတ်ရပ်လို့
ဆစ်လ်ဗီယာပလာ့သ်လို အိမ်စာကို ဂက်စ်မီးဖိုထဲ
ခေါင်းထိုးပေးကြသူအချင်းချင်း။

ငါရဲ့မာကျောက်ဟာ ဇာဘော်လီကြိုးတွေနဲ့ရှုပ်ထွေးခဲ့
သစ္စာဆီလီကွန်ကို ဆို့တီးဟုမ်းမွေ့ရာထဲပစ်ထည့်ခဲ့ကြတယ်
ငါ့ပြစ်မှုက လပြည့်ညကို တပ်ပြေးနှစ်ယောက်ရဲ့ဇွဲမလျှော့တာပါပဲ
နောက်ဘဝကျရင် သင်သစ္စာရှာဖို့ ငါမြင်းလုပ်ပါ့မယ်။ ။

၁၀၊ မတ်၊ ၂၀၁၉။

mgyoe.com

mgyoe.com



## ငါ့ကဗျာတွေကြီးလာတဲ့အခါ

ငါသချ်ာကိုဘယ်လိုအောင်ခဲ့လဲသိလား
ကြယ်တွေလတွေကိုခေါင်းတိုက်ရှင်းထုတ်ပြီး အဝါကတ်စက်ရုံမှာ
နောက်ဘဝနောက်ဘဝကိုသင်ယူတယ်
ငါ့ကဗျာတွေသာနောက်ထပ်ကြီးမလာခဲ့ရင် ငါမုန့်ဟင်းခါးဖြစ်နေလောက်ပြီ။

ကျွန်တော့်မှာကြယ်တစ်ပန်းကန်ရှိတယ်
ငါ့ဝက်ခေါင်းမှာကပ်နေတဲ့ခွေးရူးကို မံမီကြီးကဇွန်းခက်ရင်းနဲ့ကစားနေတယ်
ငါ့အမေထဘီစကို ငါပြန်ကိုက်ရင်ကောင်းပါ့မလား
ငါ့ကဗျာတွေကြီးလာတဲ့အခါ ငါ့စပါးခင်းကို ဥပဒေကျောင်းတက်ခွင့်ပေးပြီးသား
ဖြစ်နေအောင်။

ငါ့ကလေးထိန်းသတ်သတ်ရှိတယ်
ငါ့ဖခင်ဘုရင်ကြီးတွေကို သားသမီးစကားနားမထောင်ရင်ပင့်ကူဖြစ်သွားခိုင်းမယ်
ရုပ်နာမ်သေအောင် ခုတင်ပေါ်မှာစပိုက်ဒါမန်းလို
ခရကောက်ခိုင်းမယ်
ငါ့ကဗျာတွေကြီးလာတဲ့အခါ ငါ့ခေါင်မိုးပေါ်မှာဘယ်ငါးမှမကျန်တော့ဘူး။

mgyoe.com

mgyoe.com


ငါ့မှာ ၅ သောင်းတန်မှန်စီရွှေချထားတဲ့ဂြိုဟ်တုလိုင်စင်ရှိတယ်
ဝီစကီတစ်လုံးဝတ်ပြီးမော်တော်ပီကယ်တွေ ဒိုးဇက်ဆော့နေတဲ့တဲကို
ပျက်ကျတယ်
လူကြီးလူကောင်းနတ်ကစောက်တလွဲတွေလုပ်ပြီး ၆ နာရီမထိုးသေးတဲ့ကတ္တရာလမ်းတွေက
လမ်းမီးတိုင်ဆီကငွေတောင်းတယ်
ငါ့ကဗျာတွေကြီးလာတဲ့အခါ မင်းတို့ရှေ့နေကမင်းတို့ကိုကယ်လိုက်ပြီပြောမယ်။

ငါ ငါးမန်းတစ်ကောင်မွေးဖူးတယ်
ငါလုပ်နိုင်တယ်ငါလုပ်နိုင်တယ်ပြောပြီး အသက်ကယ်ပလွေက
အသားတုံးရဲ့ပါးစပ်ကိုလာမှုတ်တယ်
စံပယ်ပန်းချုံမှာလာနေတဲ့ ဓမ္မတာကို
လေညင်းလေးက ရှူရှိုက်တယ်
ငါ့ကဗျာတွေကြီးလာတဲ့အခါ ငါ့ရဲ့ဘူးထဲမှာလေ ၃၁ ဘား ကျန်သေးလား။

ငါ့ကြောင်လေးမိမိုသေသွားတဲ့နေ့ကခွဲရေးတွဲရေးပြန်စတယ်
သယံဇာတဆေးရုံက ကျောက်စိမ်းပတ်တီးကိုပြန်ဖတ်နေတယ်
ငရုတ်ကောင်းရှိတာတောင်ပြည်တွင်းစစ်က ရှမ်းခေါက်ဆွဲဆိုင်မှာ
တော်တော်ဆိုးတယ်
ငါ့ကဗျာတွေအိပ်မပျော်တဲ့အခါ နပိုလီယံကိုသူ့အမေကမှာတယ်
ညဘက်အိမ်စောစောပြန်ခဲ့ဖို့။

mgyoe.com

mgyoe.com



(၂)
ငါ့မှာတရားဟောဆရာတစ်ယောက်ရှိတယ်
လူကြီးကစားစရာလူဝကြီးရှိပြီး ကလေးကစားစရာအမွှေးတိုင်ရှိတယ်
အိမ်နီးနားချင်းပေါက်စီပေါ်တရှုံ့ရှုံ့မီးဖိုဖို့တရုတ်အပ်စိုက်ဆရာက
သက်သတ်လွတ်စားတယ်
ငါ့ကဗျာတွေအိမ်ထောင်ကျတဲ့အခါ ငါသူတစ်ပါးယောက်ျားမိန်းမငရဲပြည်တစ်ခေါက်
ဘင်ကလေးထုရဦးမယ်။

ငါ့ရဲ့ကံ က ရဲဌာနကပါ
ရေသည်မိန်းမရဲ့လိုင်းပေါ်ပေါက်ကြားသွားတဲ့ နျူခာတ်ပုံတွေကိုကြည့်ညိုတယ်
မိုးရွာချလို့မဆုံးခင်လေးမှာရေသည်ယောက်ျားခေါ်ခဲ့တဲ့ဆော်လေးကို ကျုံးထောင့်မှာရဲတွေ
လိုက်ကြည့်ညိုတယ်
ငါ့ကဗျာတွေကြီးလာတဲ့အခါ ငါ့ရဲ့ကတ္တားဟာမီးတန်းကားလိုဝတ်ပြီး
ဖြစ်နေချုပ်နေတဲ့မုန့်ဟင်းခါးနောက်လိုက်သွားတယ်။ ။

၁၈၊ အောက်တိုဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com


# ကျေးညီနောင်

ကလပ်တက်ချင်တယ်လို့တရားကျောင်းထဲကျသွားတဲ့ ကျေးတစ်ကောင်က
ပြောတယ်
မံမီအပျက်တွေလိုက်ဝယ်တယ်
အဲဒီမံမီနဲ့ ရပ်ကွက်ရုံးကိုဖြစ်ပျက်မြင်အောင်ရှုပြီး ပိုက်ဆံစုတော့တာပဲ။

ဘုန်းကြီးလုပ်ချင်တဲ့ ရွှေကျေးလေးကဘူဖေးဆိုင်ကိုရောက်သွားတယ်
ညကြီးပြန်လာတဲ့အစိုးရကို ဖြစ်ပျက်တွေက
ရိုက်လုဖို့လုပ်နေတယ်
ဖြစ်ပျက်တွေမှာဆိုင်ကယ်ကိုယ်စီနဲ့။

ရွှေတိဂုံဘုရားပေါ်တက်တဲ့ကျားနေဖူးတဲ့ ကန်တော်ကြီးကလပ်မှာ
တစ်ယောက်ကတရားထိုင်တယ်။

ခါးပေါ်နေတဲ့အိန်ဂျယ်တွေနဲ့ တစ်ယောက်က
ကမ္ဘဝင်ရှဲကင်းစောင့်တယ်။

mgyoe.com

mgyoe.com



ဂျင်းဘောင်းဘီနဲ့ထွက်ရပ်ပေါက်ရင် မေဒေးမေဒေးအော်ရမှာပဲ
သမိုင်းလမ်းဆုံနားကနတ်ပြည်ပြိုကျရင်လည်း
မေဒေးမေဒေးလို့ အော်ရမှာ။

ငါဟာ ပြိုင်မြင်းစီးဖို့တော်တော်ဝတဲ့ စပိုက်ဒါကျီးပါ
ငါဟာမီးသတ်သမားတွေချွေးထွက်ရဖို့ လူဖြစ်လာတဲ့ ဂက်စ်မီးဖိုနက္ခတ်ကျီးပါ။

ပုဆိန်ကဟန်းဖုန်းထဲကိုလွတ်ကျသွားတယ်
သစ်ခုတ်သမားဟာအွန်လိုင်းရှော့ပင်းကနေ ကျေးနှစ်ကောင်ဝယ်လိုက်တယ်
တစ်ကောင်ကမီးထွန်းဖို့
တစ်ကောင်ကဉပါဒါန်ရေယုန်ကို နှုတ်ခမ်းပေါ်ကရှေ့ခိုင်းဖို့။ ။

၂၇၊ စက်တင်ဘာ၊ ၂၀၁၈။

mgyoe.com

 mgyoe.com

# ကန့်ရေမြင်

အဖိုးသခင်ကိုယ်တော်မှိုင်းရုံးမှာရေငုပ်သဘော်တစ်စင်း အလုပ်ဆင်းတယ်
ခေါင်မိုးက မြတ်သောသတင်းစာပေါ်ကဘာသာဗေဒပြည်သူ
မှန်စီရွှေချကော်မရှင်ဆီသွားတဲ့ text လေးချိုးကြီးဟာ ငါ့ကိုယ်လုံးကိုယ်ပေါက်
ကျည်ဆန်မှန်ထားတဲ့ဆေးရုံကြီးရဲ့ဘတ်ဂျက်နံရံနဲ့ငါ့မျက်နှာဖုံးလုပ်တယ်
စာရင်းကိုင်ကဆက်ဆိုဖုန်းကမ်ပိန်းလို အဆီပြန် ဝပြဲပြဲဆိုဖာမျက်နှာတွေကို
လိုက်ဟောင်နေ
အစီရင်ခံစာလား ဖျက်သိမ်းပြီးသားပိုက်ဆံဝင်စားတဲ့ တုံးခုန်ဇယ်ခတ်စစ်အကျီနဲ့
စစ်ဘေးရှောင်စခန်းထုတ်လုပ်တဲ့သေနတ်ဒါယကာတွေသာ ငါ့အယ်ဒီတာ
ငါ့ပုံနှိပ်စက်ကို နီယိုဖြဟ္မဏအယူဝါဒနဲ့ နက်ကတိုင်ကြိုးချည်လို့
ငါ့သတင်းထောက် ၂ ယောက်ဟာ ဥဒေတယံတရားနာဖို့ မဟာဒုက်ဘုရားမဲနှိုက်နေတယ်
ငါ့ပရင်တာကမိကျောင်းတံဆိပ်စီမံကိန်းတွေရဲ့ အတွင်းခံဘောင်းဘီပါမျိုးချချင်
ငါ့ကွန်ပျူတာကိုပွင့်လင်းမြင်သာဆေးပြားထုတ်လုပ်တဲ့စက်ရုံစွပ်စွဲကြ
ငါကံဆိုးတယ်၊ ငြိမ်းချမ်းရေးစာချုပ်တွေတပ်ပေးထားတဲ့အနီရဲရဲသွားတုနဲ့လှတယ်
ငါကံကောင်းတယ်၊ ငါ့ကဗျာတွေကိုအကြောင်းအရာဘုရားတွေနားထောင်မနေဘူး
ထင်တယ်
ငါထီထိုးတယ် ငါ့လျှာတရမ်းရမ်းပီယာနိုနဲ့ငါတို့အိမ်ဟာ ဂျူရာဆစ်အံဆုံးပေါက်လို့။ ။

၁၈၊ စက်တင်ဘာ၊ ၂၀၁၈၊

mgyoe.com

mgyoe.com



# လွှမ်းစေတီ

ရုပ်လုံတဲ့ စပါဂတီနည်းပြန့် ကြိုက်တယ်
မျက်လုံးတွေကိုတစ်ရှူးပေါ်မဖြတ်ခိုင်းချင်ဘူးပြောပြီး
အဲဒီဘဝအမျှင်အော်ပရာထဲမှာ ငါတစ်ယောက်တည်းဆော့ပြနေတာထင်တယ်

ဘီလ်စာရွက်ကသနားစရာအိုးနှုတ်ခမ်းပဲ့ ကိုစားခဲ့
စတီဖင်ဟော့ကင်းစားသောက်ဆိုင်က ညစာတကယ်မဟုတ်ရင်တောင်
ငါ့နှလုံးသားကပန်နံ့ခ်ရာသီဥတုနားကဂက်စ်မီးဖိုလောက် ရှိတယ်ဆိုပြီး

ကယ်လိုရီ ၃၀၀ ကျော်ရင် အလွှမ်းကိုထပ်မစားနဲ့တော့
အချစ်စတုရန်းတွေစတုဂံတွေကိုပင္ရိုသန္ဓေတားလို့
အီးတီရုပ်ရှင်သာအချွန်အတက်ပါတဲ့အနမ်း ၁၀၀ မှာ ငါ့အကြိုက်ဆုံး

အုန်းမွှေးလုံးစက်ထဲကတမှေးမှအိပ်မရဘဲထွက်ကျလာသူ
ဈေးကြီးတဲ့ကိရိယာတွေနဲ့ လေ့ကျင့်ခန်းလုပ်လည်းသတိရတုန်းပဲ
သီလရှင်အကြောင်းအက်ဆေးရေးတဲ့ လင်းပိုင်လေးနဲ့ ရေကူးသင်ရတော့မယ်

နေပူကြီးထဲအလွှမ်းလှေကိုနက်ခ်တိုင်တပ်ပေးမိတယ်
လိင်ပင်လယ်တွေ တဝုန်းဝုန်းတက်လာတဲ့အသွင်သဏ္ဍာန်ကို ဘောင်းဘီတံဆိပ်မှာမြင်ပြီးသား
သားသက်လွှတ်စားတယ်ဆိုဦးတော့ နှုတ်ခမ်း ၂ ခုထိတာ
အာပတ်မသင့်ဘူးမဟုတ်လား

mgyoe.com

mgyoe.com

အိမ်မှာ ကြိုးချည်ထားတဲ့ဖရဲသီးဆီခဏခဏဖုန်းခေါ်တယ်
အနီရောင်က ဘယ်လောက်အထီးကျန်အဆင့်ရှိတယ်ဆိုတာ ရပ်ကွက်ကိုပြောပြပေးပါလား
UPS က ငှါပါးစပ်ထဲကခုန်ဆင်းတာနဲ့ မင်းလျှာလျှောက်လမ်းဆီသွားချင်တာပဲလို့

ရေခဲဘူးထဲထည့်ထားတဲ့ လေရူးသုန်သုန်စာအုပ်ကိုဖွင့်ဖတ်လိုက်
ငါတွေးတယ်ငါရှိတယ်နဲ့သံလွင်ဆီထည့်မွှေထားတဲ့ အိပ်ရာခင်းဟာကြေတွန့်လို့
ပွက်ပွက်ဆူတဲ့မိန်းမကိုဘယ်တော့မှရေမဆေးတော့ဘူးကျိန်ဆိုမိ

အတွင်းရေးမှူးကျောင်ရေ တောင်းပန်ပါတယ်တစ်ခွက် ဒီကိုပေးပါ
ငြိမ်နေတဲ့တဏှာစိတ်ကူးကိုပါစ့်ဝပ်**ရိုက်လိုက်ပါ
ဘယ်တော့မကျေတဲ့ သမုဒယအကြွေးဝယ်ကတ်ကို ဆိုဖာပေါ်ထိုင်ခိုင်းလိုက်ပါလို့

စတော်ဘယ်ရီရောင်ပင်တီကိုအံဆွဲထဲပစ်ထည့်လိုက်
အတူတူကြည့်ခဲ့တဲ့ပြင်သစ်စာတန်းထိုးဇာတ်ကားကမုန့်ခ်ဦးတွေပါတဲ့ဒုက္ခနဲ့
အဲဒီတောင်ကုန်းလေးပေါ်က ငါတည်ထားတဲ့စေတီလေးမှာ ဆေးလိပ်ဖြတ်နေတယ်ပြောဖြစ်တယ်
၅၊ ဇူလိုင်၊ ၂၀၁၈။

**Password

mgyoe.com

mgyoe.com



# အနမ်း

Parking မရှိတော့ မျက်ခွံပေါ်မှာပဲရပ်လိုက်ပါ
ဘယ်သမင်မျက်လုံးမှာချိုင်းထောက်တပ်ချင်တာလဲ အသည်းပုံသံတိုသံစရေ
တန်ခိုးမပြပါနဲ့သံချပ်ကာမိန်းမရေ
အလွမ်းဇွန်းနဲ့ခက်ရင်းကိုသွားနာနေတယ်လို့ပြောလိုက်ချင်သား
နေ့လယ်စာယာဉ်ထိန်းရဲကိုနောက်တစ်နေ့နေ့မှ လိုင်စင်ပြပါရစေဆိုလိုက်ရမလား
တို့၂ယောက်ရေသွားကူးရင်မိကျောင်းတံဆိပ်ကလေးတွေကငါတို့CKအတွင်းခံဘောင်းဘီ
ယူပြေးရင်ပြေးစမ်း
မန္တလေးမြို့ကြီးကငါ့ရင်ဘတ်မွေးကိုရိုက်လုရင်လုပါစေ
လွတ်လပ်ရေးကျောက်တိုင်လိုမင်းမျက်ခုံးမွေးပေါ်ကဘာသာစကားကျောင်းမှာငါပျော်တယ်
ဟေး၊ ငါတော့မင်းပန်းရောင်အမဲသားကိုပိုးသတ်ဆေးဖျန်းလည်းကြိုက်တယ်
မင်းကလွဲပြီးငါ့ကိုဖက်ရင်စွယ်တော်ရွက်နဲ့လုပ်ထားတဲ့ငါ့လက်လုပ်ဗုံးမှာ ကွက်တက်တတ်
မင်းရဲ့စားဖိုမှူးဆိုတော့ မီးပုံထဲပဲ
ငါအမြဲနေချင်တာ
ကျေးဇူးပြု၍ ငါ့ဆပ်ပြာခဲပေါ်မှာမင်းသာလီကာကိုလာပြီးဆေးကြောပါ
စားကြွင်းစားကျန်အကြည့်နဲ့ ငါ့ခြောက်လုံးပြူးနှုတ်ခမ်းမှာ ဝရမ်းပါလားမေးမြန်း
သကြား ၁ တုံးလား ၂ တုံးလား ဓာတ်ပုံကိုလျှာနဲ့တို့ကြည့်မိပါရဲ့ ။

၁၄၊ စက်တင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com

# မိသားစု

အဖိုးနဲ့ အိပ်ခဲ့တဲ့လူတွေ ဘတ်စ်ကားနဲ့အပြည့်ပဲ
အဖိုးကိုဘယ်သူအကောင်းဆုံးလဲကန်မီကယ်**နဲ့ အဖွားကခေါင်းလျှော်ရည် လုပ်ရောင်းတယ်
ဘတ်စ်ကားနောက်တွဲထဲမှာ ဂျူရာဆစ်ပန်းခြံကိုအဖေအိမ်လုပ်လို့
ဆေးအနီသုတ်ထားတဲ့ အကိုကြီးထွက်သက်တိုင်းဟာအဆွေးရုပ်ရှင်
ကားကက်ဆက်တပ်ထားတဲ့အမေကစုန်းမပတ်စ်ပို့ကိုဆားစိမ်တယ်
အမကလေ ဆတ်ကော့လတ်ကော့အသုပ်ကြိုက်တယ်
အမေ့အရိုးထဲကရေနံခိုးထုတ်တယ်
ညီမလေးကလက်လုပ်ဗုံးကိုကိုးကွယ်တယ်
အမကြေးရုပ်ကိုလျှာနဲ့တို့ကြည့်တယ်
လက်ဖက်ရည်ပူပူမှုတ်သောက်တိုင်းအဖွားမွေးထားတဲ့ဆင်ဖြူတော်တွေ ငါသတိရမိ
အကောင်းစားအယူဝါဒလို့ပြောပြီး ငါ့ညီလေးဂျက်နဲ့ပဲပြားပင်ပုံပြင်ပေါ်တက်သွားတာ
အဖေ့ဘီလူးတွေကလုမ်းပြောတယ် ကန့်စွန်းပလိန်းပန်းကန်ကိုမီးမရှို့နဲ့
အဲဒီအချိန်မှာအမေ့ရှေ့ပင်းမောကထဟီတယ်
ရုပ်ကွက်ရုံးကိုအရမ်းမုန်းတဲ့ပိုက်ဆံနဲ့ ငါ့ကရာတေးဝတ်စုံဝယ်လိုက်တယ်
လေထဲငါပျံနိုင်တဲ့နေ့ဆို အဖေ့အိပ်မက်ဖြီးတဲ့ဝက်မှင်ဘီးကို လက်ဝါးစောင်းခုတ် ချိုးမယ်ပေါ့
အမေ့ကိုဖက်ဆစ်မလို့ခေါ်လိုက်တယ်
အဖေကသောက်တော်ရေခွက်ကိုပွေ့ဖက်ထား
အဖိုးကာတွန်းတွေကိုအဖွားကမနက်တိုင်းသွားတိုက်ပေးရ
နေ့တိုင်းအသစ်ဖောက်တဲ့ အမရဲ့တူးမြောင်းတွေနဲ့ အိမ်မှာရေလျှံနေတာပဲ
ညီမလေးကမှန်တစ်ချပ်ကိုတော်လှန်ရင်း ကြွက်တက်နေတာ
ငါလည်းအဖေ့မိန့်ခွန်းတစ်ကိုယ်လုံးကိုပါးစပ်ထဲထည့်ဖို့ ကြေကွဲရတယ်
ဘုရားသခင်ဟာငါတို့အိမ်ကမှန်တစ်ချပ်ရှေ့မှာ ဘယ်အချိန်မှဆွယ်တာထူထူမဝတ်ဖူးသူ

၃၊ ဇူလိုင်၊ ၂၀၁၈။

---

**Chemical

mgyoe.com

mgyoe.com



# ကဏန်းမဆလာကောင်ရဲ့ပလတ်စတစ်အိတ်

ငါဟာမိန်းမတစ်ယောက်ကိုကဏန်းမဆလာလမ်းခွဆုံမှာရပ်ခိုင်းတယ်
ပေါင်မုန့်လျှောက်လမ်းပေါ်လျှောက်ရင် ဘယ်ဘဝရောက်ရောက် ပိုက်ဆံစုရမယ်လို့

ငါတို့ သားရေကွင်းဖော်မြူလာကိုဘီယာအရေးအသားထဲလောင်းထည့်ပါ
အိမ်ကစီစီဖတ်အဖေနဲ့ ဆောင်းဘောက်အမေကိုမေ့သွားလိမ့်မယ်

တကယ်တော့၊ စားပွဲထိုးမကို နံနံစော်စော်တုန်ခိုင်းမဲ့ရတနာလားလို့ မေးကြည့်တယ်
ငါလိုယောက်ျားတစ်ယောက်ရဲ့လျှာဟာ သုဘမင်္ဂလာပေါင်တံကင်မှာတွန့်လိပ်လို့

ငါဟာ မျောက်ဝံမရဲ့ရင်ပုံသားကြိုက်တယ်လို့ ဒါဝင်လို ပြောကြည့်ပါ
အခု၊ မြန်နှုန်းမြင့်အရသာဖုတွေကအိမ်အကူရဲ့ဘင်ခရာသားရှေ့ တန်းစီတုန်း၊

တူးသွားခြစ်သွားတဲ့ ငါတို့တော်လှန်ရေးကြီးကိုဖုန်းဆက်ပါ
ညောင်ညိုပင်ရိပ်မှာဖောက်သည်မီးဖိုစောင့်နေတဲ့ ကတိစကားမလေးဝင်လာပါလိမ့်မယ်

ဟယ်လိုအမျိုးသားပြတိုက်အတုတို့ရေ
ချစ်သူတွေရေပန်းထဲကိုနောက်ပြန်ပစ်ထားတဲ့ဒင်္ဂါးတွေနဲ့ ပလတ်စတစ်တစ်အိတ်ဝယ်ပါ
သားဆုကိုအဲဒီပလတ်စတစ်အိတ်ထဲထည့်လှည့်ပါလား။ ။

၂၁၊ ဇွန်၊ ၂၀၁၈၊

mgyoe.com

 mgyoe.com

# ငါ့ရန်သူဟာငါ့လူနာ

မီးခလုတ်ကဒေါက်မြင့်ဖိနပ်စီးတတ်လား
လက်ထပ်စာချုပ်ဖိတဲ့ အပြာရောင်ဖန်သလင်းတုံးကဆံပင်ဖြောင့်ဆိုင်မှာ
နှုတ်ခမ်းတံဆိပ်ခေါင်းကိုဆောင့်တွန်းပြီး အနမ်းစကားဝှက်ကို ကိုင်ပေါက်တယ်
ငါ့ကို ကဆုန်ဆိုင်းပြေးနေတဲ့အဝတ်လျှော်စက်ဖြစ်အောင် လုပ်လားရန်သူ

ဝက်အူချောင်းတွေက အိမ်ပြောင်းချင်လို့ ပူဆာတယ်
အလှမွေးငါးလေးကကြောက်လွန်းလို့ခေါင်းမြီးခြုံထား
ကံမကောင်းတဲ့နေ့တချို့မှာအိမ်သာကြွေအိုးကတဝေါ့ဝေါ့အန်ရပေါ့
ငါ့ရဲ့လမ်းကိုပန်းသီးရှာလကာရည်ဆမ်းပေးပါဦးကွယ်

အိပ်ရာခင်းကတူးညှော်ပြီးဖက်လုံးဆီကခက်ခဲတဲ့မေးခွန်းတွေထလာတယ်
မွန်းစတားစိတ် ၂ ခုဟာပြောင်းဖူးစေ့ကိုမျှိုချတယ်
ဆံ့အသွားတဲ့အလောင်းကောင်ကမီးဖိုပေါ်ဆောင့်ကြောင့်ထိုင်လိုက်တယ်
စကားလုံးတွေမပြီးတဲ့နေ့များ မိမွေးတိုင်းဖမွေးတိုင်းထွက်သွား၊ထွက်သွားဟဲ့

မပြောနဲ့ အိမ်ကဟယ်လီကော်ပတာမဟာ တဝီဝီ
အရက် ၁၂ ပက်ကို ထဘီတိုတိုဝတ်ပြီးဟင်းရွက်လှီးတဲ့ခါးပေါ်ခုန်တက်သွားတယ်
မုသားစတိုးဆိုင်က မီးသတ်သမားဝယ်ယူချင်တဲ့ သားကောင်
ကယောက်ကယက်ကမ္ဘာပတ်လမ်းထဲကို မဆလာများများဖြူးပြီးဟ်တုလွတ်တင်ဖြစ်တယ်

ပန်းကန်ပြားပျံထဲကယောကျ်ားမကျက်တကျက်ပါ မိန်းမဝဝဠာပနာထားတဲ့ပေါင်မုန့်ပါ
အိမ်ထောင်ရေးနာမည်ရဲ့ ချိစ့်ဆိုတဲ့စာလုံးကိုဖွင့်ပြီး ငါ့ကိုယ်ငါပေါ်တာဆွဲခံတယ်
သူ့ရဲကောင်းဟာ မကွေးဝင်းမြင့်နှလုံးသည်းခြေဆေးလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်
ငါ့လူနာဝိုက်ပေါ်ကအကြောပြတ်ရာတွေဟာ ငါ့သွားရာဒါဒါဝါဒါဖြစ်တယ်

၁၉၊ ၄နိ၊ ၂၀၁၈၊

mgyoe.com

mgyoe.com

# ကူရိုဆာဝါစက္ကူပန်း

mgyoe.com

mgyoe.com

# လေညင်းလေးကို ပြန်ပေးဆွဲတုန်းကပေါ့

ကလေးတစ်ယောက်ပဲ ယူရမယ် ဥပဒေ ကျွန်မ မသိ
ဘို့ တစ်လုံးပဲရှိတဲ့ တရုတ်ယောက်ျားကို ကျွန်မ မမြင်ဖူး
ရွှေလီတုန်းက တွေ့ခဲ့တဲ့လူနဲ့ လက်က တက်တူးချင်းအတူတူ
ကြံခုတ်တဲ့အလုပ်မှာ ပိုက်ဆံကောင်းကောင်း ရတယ်ဆို
ကျွန်မမျက်တောင်ဟာ ဆီးနှင်းစက်ကို တက္ကသိုလ်မှာ သင်ယူခဲ့တာမဟုတ်ဘူး
ကျွန်မ ဘယ်တော့ အိမ်ပြန်ရမယ်
ကျောက်စက်ကမီးလျှံပဲ ပန်းထွက်လား
တူကို လှအောင် ထုတယ်
ငှက်တွေ ဘယ်ကွေ့တယ်
မြေပုံပေါ်မှာ စက်ဝိုင်းနောက်တစ်ခုဆွဲရ
ရှင့်သမီးကို ကမ္ဘာပေါ် အပေါ်ဆုံး အပျော်ဂေဟာမှာ ရောင်းစားပစ်မယ်မကျိန်ဆဲဖူးဘူး
စက်ဝိုင်းလာဖြတ်တဲ့အမှတ်တစ်ခုတွေ့လား
ကျွန်မကို ဟစ်တလာငထုံအေက အိပ်ရာပေါ် ဆွဲတင်သွားတယ်

mgyoe.com

mgyoe.com



ယောက်ျားတွေဟာ သူတို့ တာဝန်ထမ်းရွက်ဖို့ ပျော်ပျော်ရွှင်ရွှင် အကြမ်းဖက်တာ
လှိုင်းလုံးဟာ ပေတစ်ရာထက် မြင့်တယ်
အဲဒီဗီရိုထဲကအန္တရာယ်ကင်းကင်းနဲ့ ထွက်နိုင်မလား
ချစ်ရတဲ့ ဆူရောင်းအပြုံးလေးကို မစွန့်လွှတ်နိုင်ဘူး
ငါတို့ မျက်ရည်ကျလောက်တဲ့အထိစပ်တဲ့ ဂျပန်ခေါက်ဆွဲသွားစားကြမယ်
ပျော်ရွှင်မှုကို ကြည့်မှန်ထဲက ဆွဲခေါ်ရခက်ပြီ
အာရုံကို စုစည်း စိတ်အေးအေးထား နားထောင် သံရုံးကိုသွား
လုပ် ဒါကစားနေတာမဟုတ်ဘူး
ပြေးတော့
ဗီရိုထဲက ရှူးဖိနပ်ကြိုးတစ်ချောင်းပဲ ယူခဲ့တယ်
ပြန်မတွေ့နိုင်တော့တဲ့ ယောက်ျားအကြောင်းကို မျိုချ
ကျွန်မလက်နိပ်ဓာတ်မီးထဲမှာ ဓာတ်ခဲဟာ ရှင်မဟုတ်တော့ဘူး
အမြန်ရထားရဲ့ အားနည်းချက်ဟာ အချိန်ကုန်မြန်တာလို့ တွေ့ရှိတယ်
ဟာ မှန်းစမ်း
မမြင်ဖူးတဲ့ မျက်နှာတွေ ကြည့်ရတုန်းက ရေငန်သလို
မြင်နေကျသစ်ရွက်ကို အိပ်မက်တဲ့အခါ တိမ်သားတွေပြာလာပါရဲ့ ။

mgyoe.com

mgyoe.com


# လမ်းတွေက တော်လှန်ရေးနဲ့ မဆုံတဲ့ကမ္ဘာ

ရေဒီယိုတွေ။ မကြားဝံ့မနာသာတောက်ပသော။
ယောဂကျင့်စဉ်များ။
မိန့်ခွန်းများ။
ရေဒီယိုတွေ။ ငါးကွမ်းရှပ်တစ်ကောင်လောက်မှ မာနမရှိ။
စိတ်မနှံ့သောကျွန်တော်တို့ စကြဝဠာ။ ဦးနှောက်မှာ
သွားရာတွေနဲ့။
ပထမဆုံးအနေနဲ့။ *instant coffeemix* လို တော်လှန်ရေးတံဆိပ်တွေ
များတယ်။ ကျွန်ုပ်တို့ မြို့လေးသည် မြေစာပင်များဖြင့်
ဖုံးထွားလာရ။
သပိတ်လွယ်ငှက်လို အော်ခေါ်လိုက်စမ်း။ မေဒေး။ မေဒေး။
စီမံကိန်းများအနားမှာ ကျိုင်းကောင်အဟောင်းတွေ အုံခဲနေတာ။
နှစ်ဖက်စလုံးပဲ။
မေဒေး။ မေဒေးနဲ့။ မှည့်စပြုနေတဲ့စပါးခင်းထဲ မှည့်အောင်
ထောင်ထားတဲ့မိုင်းတွေနဲ့။
မိဘမဲ့ကလေးများထုတ်လုပ်သော အဖွဲ့အစည်းစိတ်ဓာတ်ရှိတာတဲ့။ ကောင်းပါတယ်။
ဟေ. ပွေးကောင်။ လည်ချောင်းထဲ ကျောက်စိမ်းလည်ဆွဲဆွဲလို့။ ဟေ.ကောင်
ဘာမာကောင်။ မိုနိုဂါမီဆိုတဲ့ တစ်လင်တစ်မယားစနစ်။ မသိဘူးလား။
စစ်တလင်းမှာမွေးသူ။ အရွယ်ရောက်သူသူမ။ အနမ်းခွန်ဆောင်ရမယ်။
ယောက်ျားလေးဆိုတာ သေစာရင်စာတတ်ရင်တော်ပြီ။ စစ်ပြေးခိုင်းရမယ်။
ကျွန်းပင်တွေဘယ်မှာလဲ။
ကျွန်းပင်တို့ အဖေဖျားနေလို့ ဆယ်ဘီးကားပေါ်တင်လိုက်ပြီ။

mgyoe.com

mgyoe.com



မျက်နှာပေါ်က ဟော်မုန်းတွေ ဆေးချပေးပါ။ ။ မက်သာဖက်
တမင်းပလာစတာက လှမ်း လှမ်းကိုက်တယ်။
ကြာပြီ။
အဖြစ်အပျက်ကအရမ်းမြန်လွန်းတယ်။
သေနတ်က အပေါ်စားအနုပညာ။ ဒါပေမဲ့ လူသေတယ်။
နှင်းတွေလည်းကျနေတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဒဏ်ရာရကာ။
နှစ်ဖက်စလုံး လူသတ်သမားတွေ မဟုတ်ပါဘူး။ ပြည်သူတွေက ပျော်လို့
သေနေကြတာပါ။
တီးတိုးသံ။ ကလေးမျှားအော်သံ။ ဥသြဆွဲသံ။ လူထုအသံ။
ကြည့်ပါဦး။ ခင်ဗျား ခြေတုတစ်ဖက်အတွက်လုပ်ထားတဲ့ ကိတ်မုန့်ကို။
နတ်သမီးတွေနဲ့ ဆင်ထားတယ်။
ရှိုးသားတဲ့တစ်နေရာရာကိုသွားလှူလိုက်။
အလားတူပဲ မိခင်ဌာနဖြစ်၍ သစ္စာစောင့်သိမှုကိုထိုးကျွေးရန်။
မိုးကြိုးပစ်မှ ကွာကျမယ် ပြောတယ်။ ဒါ၀င် မှားပြီ။ လူဆိုတာ တောက်တဲ့
က ဆင်းသက်လာသလား။
ဟောင်ဖွာဟောင်ဖွာလုပ်တတ်သော ကြောင်တစ်ကောင်လို။
အဖေကော။
ရေပိုက်ခေါင်းပြင်နေတယ်။
ဓာတ်မြေသြဇာထပ်ထည့်လည်း ဘာမှမထူးတော့တဲ့ ကမ္ဘာ။ ။

mgyoe.com

mgyoe.com

# ကျွန်မက ဒီလိုမိန်းမစားဆိုတာ ဘယ်လိုမိန်းမစားလဲ

အမေကကျွန်မထက်ကြီးပါတယ်
မီး ထက်ကလီရှေးကျတဲ့၊ ကြေး ထက်ကလီရှေးကျတဲ့
ပုလင်းအဖုံးဖောင်ခနဲဆွဲဖွင့်ပြီးပြီလားကျွန်မအရွယ်မှာ
သေခြင်းတရားက အရမ်းခြေတံရှည်တာပဲ
ကျွန်မငယ်ဘဝမျက်နှာဖုံးကိုတက်နင်းပစ်တယ်
ကျွန်မဟာမအောင်မြင်တဲ့မိုးလေဝသခန့်မှန်းရေးသမား
Gym မှာ ခုန်ပေါက်ကစားနေရင်း တော်တော်ဒုက္ခရောက်လိုက်တယ်
ရှင်တို့မျက်လုံးထဲမှာ ကျွန်မအသားလိုင်းများကို စဉ်းစားတယ်
ကျွန်မမှာ ရှေးရိုးဆန်တဲ့အိမ်နီးနားချင်းမြင်အောင်ရှက်သွေးဖြန်းပြဖို့
အချိန်မလုံလောက်ဘူး
ဘဝကနေတည့်တည့်သွား
မီးပွိုင့်ရောက်ရင်ညာကွေ့လိုက်တဲ့
ဘယ်ဘော့လ်ပင်ကအရသာရှိတဲ့မင်ထွက်လိမ့်မလဲ
ကျွန်မမှာတီထွင်စိတ်ရှိတဲ့လျှာများရှိကြောင်းမေမေ မေ့သွားတယ်
ကျွန်မဟာ ပိုလာတာနန်းတော်
ကျွန်မဟာ ကိုလော့စီနီပြဇာတ်ရုံ
ကျွန်မဟာ ၂၅ ရက်ကမှ ပြန်ဖွင့်တဲ့ဆေးသုတ်ပြီးစ လစ်ဘာတီရုပ်တု
ကျွန်မဟာ မီးခိုးမထွက်တဲ့စက်ရုံအသစ်စက်စက်
ကျွန်မခရီးထွက်ဖို့အဆင်သင့်ဖြစ်ပြီလား
ကျွန်မခန္ဓာမှာ စော်ကားမော်ကားအမှိုက်ကောက်သူတစ်ယောက်ကို။ ။

mgyoe.com

mgyoe.com



## အင်တာဗျူးထဲက ဆာအလက်စ်ဖာဂူဆန်ကို လှုပ်ချခြင်း

ဂျွန်စနိုးက hairdryer စ ဖွင့်လိုက်ပြီ။ ခင်ဗျားရဲ့ ကြံ့ခိုင်မှုကို အားပြုတဲ့ သက်တမ်း။
ကျွန်တော့်အတွက် ဘင်ထုပြီးသောက်ရတဲ့ ဟင်းချိုကို။ ငွန်းနဲ့ခပ်စားဖို့ ခက်တယ်။
ကြယ်တံခွန်ကောင်တွေ။ ဒေါ်လာရိုက်စက်။ ကိုယ်ပိုင်မီးရှူးမီးပန်းဖြစ်နေသူ။ အားလုံး မိုထဲ
လောင်းချ။ ကစားသမားထိန်းရတာ ပိုးဟပ်မွေးတာလောက် မလွယ်ဘူး။ ၂၆ နှစ်ကြာ
အာဏာရှင်လုပ်ပြီး အောင်မြင်ဖို့။ မာတင် ဟာ ကျုပ်အတွက် အရေးပါတဲ့ ဖဲနံပါတ်။ သူနဲ့
ဘော်ဘီချာလ်တန် ကျုပ်မြင်းကိုလောင်းခဲ့တာ။ ကံကောင်းလို့။ ဖရောင်းအသစ်တွေနဲ့ ခေါ်ငါမာတဲ့
သဘော်ကို ခွင့်ပြုတာ။ ခင်ဗျားစာအုပ်တွေက ရှေ့တစ်မျိုး နောက်တစ်မျိုး
ဖြစ်နေပါလား။
ဇာတ်အဝတ်အစားခြားနားတယ် မထင်ပါဘူး။ ဒင်းနစ်လောက လူကောင်သေးတယ် ။
ကြမ်းတမ်း။ လေ့ကျင့်ခန်းနောက်ကျဆဲ။ ပရိသတ်တွေမကောင်းမြင်
လာတဲ့လူကို။ ခင်ဗျားရွှေချမှာလား။
ရှိုင်းကိန်း။ ဘက်ခမ်နဲ့ နစ္စတယ်ရှိုင်းတို့နဲ့ ဆက်ဆံရေးပြိုကွဲခဲ့သလား။
သူတို့ကချာလီချက်ပလင်လို ငိုကြွေးတော့။ ကိုယ်က ဟစ်တလာလုပ်တယ်။
ရွှန်းနီ ပြီးတော့ ပေါလ်အင့်စ်။
နည်းပြတစ်ယောက်ဘက်ကအသင်းကိုလွတ်ထွက်သွားလို့ မရဘူး။
အာဏာရှင်ဝါဒ ပေါ့။ ဘုရားသခင်။

mgyoe.com

mgyoe.com


ခင်ဗျားက ဗဟိုလက်ဝဲယိမ်းဝါဒီတစ်ဦးလို့ ကျွန်တော်သိတယ်။
ပြင်းထန်လွန်းတဲ့အသုံးအနှုန်း။
ကစားသမားတွေက ကျွန်တော့်စက်ရုံထုတ်မီးဖိုကို သိတယ်။
အရင်းအမြစ်မရှိတဲ့သတင်းတွေရေးတဲ့ BBC။ ကျွန်တော်အလိုမလိုက်ဘူး။
လိမ်တယ်။ ခုနစ်နှစ်ကြာသွား။
မပျော်ရွှင်တဲ့ကိတ်မုန့်ကို ကျွန်တော် မစားချင်တာ။ ဂလေဇာမိသားစုကကြမ်းကြုတ်
တဲ့အရင်းရှင်တွေလေ။ ကျွန်တော် မသုံးချင်ဘူး။
ခင်ဗျားမှားနေပြီ။
အရင်းရှင် ဟင်းချိုကြိုက်လား။
ခင်ဗျား ထပ်မှားနေတယ်။
ပေါင်သန်း ၄၀၀ ဆိုတဲ့ အကြွေးက ခင်ဗျားကို ကောင်းကောင်းအိပ်ပျော်ခိုင်းလား။
ပေါင် သန်း ၇၀၀ ပါ။
ဇရိယာလေးတစ်ခုပဲ။ ပလာတီနီ ပြောတော့ ဘဏ္ဍာရေး တရားမျှတမှု။
နတ်သမီး ပုံပြင်လို။
မထင်ဘူး။ သူတို့ ပြောနေကြတုန်းပဲ။ ခင်ဗျားက မန်နေဂျာပါ
ဗဟိုဘဏ်ဥက္ကဋ္ဌတစ်ယောက်ပိုဆန် နေမလားလို့။

mgyoe.com

mgyoe.com



မန်ယူမှာတော့ ကစားသမားရယ် သမိုင်းကြောင်းရယ် ငွေနဲ့ကော့တေး။
၁၉၉၉ ကို သတင်းပေးတဲ့
ဖိုင်အတိုင်း။ တစ်ယောက်ကMUကိုဘောလုံးကိစ္စနဲ့ လာချင်တယ်။
အထောက်အထားမရှိတဲ့သတင်း
ထွက်ပေါ်မှုတွေ။ တစ်ယောက်ကတော့ ငွေကြေး။
ပြည်သူတွေငြိမ်နေရင် ဒီအတိုင်း ပြီးသွားမှာပဲ။
ပရိသတ် ၇၆၀၀၀ က အပတ်တိုင်းလာတယ်။
အစဉ်အလာ ဖျော်ဖြေမှုအတွက် ပင်နယ်တိုင်း ကျွန်တော်နဲ့
ဆိုင်တယ်။ ကျွန်တော့် တိုနီဘလဲ။
ဂေါ်ဒွန်ဘရောင်းကတော့ အလွန်တော်တဲ့ လေဘာပါတီဝန်ကြီးချုပ်ပါ။
အခုတော့ ခင်ဗျားကမီလီဘန်းကိုထောက်ခံနေတယ်နော်။
ဟုတ်တယ်။ ဘဏ်လုပ်ငန်းအရှုပ်အထွေးတွေနဲ့ ကိုသစ္စာရှိနေတုန်းလား။
ခင်ဗျားလည်းပြဿနာ
တွေနဲ့ ကြီးပြင်းလာတာပဲ။ ကံကောင်းမှုတွေကတော့ အရမ်းကို စမတ်ကျခဲ့ပါတယ်။
စာအုပ်ကရန်လိုမှုနဲ့ ဒေါသတွေများလွန်းတယ်လို့။
ဒီထက် ပေါက်ကွဲမယ့် အရာ ထုတ်ဦးမှာလား။ ကျွန်တော့်အတွက်
ကျွန်တော် အလုပ် လုပ်ရပါဦးမယ်။
အင်တာဗျူးအတွက်အင်မတန်ကျေးဇူးတင်။ ။

mgyoe.com

mgyoe.com


# တောင်ခြစ်မျောက်ချစ်တနင်္ဂနွေ

လွယ်ကူတဲ့နေ့
ဘာရယ်မဟုတ်ဘဲ အစီအစဉ်များ
သမ်းဝေ
မီးပွိုင့်တွေအကြောမတင်းပေါ့
နေရောင်ကိုကောက်လှန်တယ်
အဆောက်အဦများတရားထိုင်နေပုံ
နေ့လယ်ခင်းဟာ အသက်ကယ်ဇောကွင်းနဲ့ taxi
ပေါ်
စူပါမားကက်ထဲရောက်တော့
A နှင့် A ဟာမတူညီကြသလို
လမ်းလျှောက်
ဘယ်ဘက်လက်ကဘာကပ်ထားလဲ
ညာဘက်လက်ကမကြည့်ဘူး
အခုလိုးဖြတ်နေတဲ့အချိန်ကို မီဒီယာတွေကရန်လိုတယ်
အတိုက်အခံတွေကမီးထိုးတယ်
လီယိုနာဒိုဒါဗင်ချီနဲ့ ကျွန်တော်က တစ်လမ်းတည်းသားတွေ
နေအိမ်ချင်း ရာစုနှစ် ၂ ခုလောက် ဟထားလား
အား၊အားယားယား
ညနေခင်းတစ်ခုမှာ
ကြေးကို မီးနဲ့ရှို့ပြီး ဒူးထောက်မယ့်လူများရှေ့
ပုံသွန်း
ခဲတံကဖန်ခွက်ထဲခုန်ဝင်သွားတယ်
စိတ်ကူးဟာဓားမြှောင်အဖြစ်ဘယ်တော့ပြန်လာမယ်
အိမ်ထောင်ကျပြီးသား မြို့ကြီးအတွက် တားမြစ်ချက်သိပ်များတာပဲ
ကျွန်တော်ဟာ ပျင်းရိမှုနဲ့ဝဖြိုးလာပြီ။ ။

mgyoe.com

mgyoe.com


# မိုးပေါ်လွှင့်တင်လိုက်တဲ့ကြွေတွေ ဦးခေါင်းပေါ်ပြန်ကျလာတဲ့အခါ

ကြွေဇေဒင်ဟောသမား ပြောတယ်။
ကြွေက အစိုးရပဲ။
အနော်ရထာမင်းကြီးဟာ ကြွက်သားသက်သက်ပဲ ရှိတယ်။
ကြွေကိုမယုံကြည်လို့ ကျွဲခတ်ခံရ။
အမေရိကန်တွေ ကမ္ဘာစစ်ကြီးနိုင်တာ။
ကြွေဗုံးကြဲ ချလိုက်အပြီး။
မျက်ရည်ယိုဘူးရဲကြည့်ရင်သိတယ်။ ငရဲသားလား ကြွေသားလား။
အိုင်းစတိုင်းဟာ။ နှိုင်းရသီအိုရီသက်သေပြတုန်းက။
ကြွေညီမျှခြင်း သုံးခဲ့တာ။
အိမ်ထိန်းက သူ့ကိုယ်သူ မိလ္လာအင်ဂျင်နီယာခေါ်သလို။ ကြွေကောင်တွေ ထကြွလွန်းရဲ့။
ပြည်သူ့အတွက်ဆီလီကွန်ကဝိကျသိပ်များလွန်းတယ်။ ကြွေနည်းနည်း လျှော့လိုက်။
ကြွေတရားသူကြီးဟာ ချားရဟတ်စီးတိုင်း အန်တယ်။
သပိတ်စခန်းကို ကြွေပေးကြပါဦး။
နှစ်ထပ်လမ်းမကြီးကြောင့် မော်တော်ကြွေတွေ မပိတ်တော့ဘူးလား။
ငြိမ်းချမ်းရေးရမယ် မရဘူး။ ကြွေကိုမေးကြည့်မလား။
ကြွေပြည်နယ်နဲ့ ကြွေပြည်နယ် ပေါင်းမှန့်လိုမီးကင်ကြ။
ငြိမ်းချမ်းရေးစာချုပ်ချုပ်ပြီးရင်။ ရှမ်းနီတွေကို ကြွေသစ်မစုဆောင်းတော့ဘူး။

mgyoe.com

 mgyoe.com

စိန့်ပီတာစဘတ်ကြွေသားတွေပြောတာ၊
သူတို့ ကျွန်တွေဟာ မော်စကိုကြွေသားတွေရဲ့ ကျွန်ထက်ပိုတော်တယ်။
သတင်းစာက အမြဲတမ်းကြွေနောက်ကျတယ်။
လိင်စွဲဆောင်မှုကြွေဟာ ဆတ်ခနဲဆတ်ခနဲ အကြောဆွဲပုံမျိုး။
ပို့ကုန်အမယ်သစ်ကြွေတွေ စစ်သင်္ဘောလိုင်ငိုက်မျဉ်း။
ကုန်တင်ရထားက ဘယ်ကြွေလောက်အမြန်မောင်းနိုင်လို့လဲ။
ဇာတ်စင်ပေါ် ခုန်တက်သွားလဲ ကြွေက နှင်းဆီဖူး လုံးဝမဟုတ်ဘူး။
တစ်စားပွဲကကြွေတွေ တစ်စားပွဲမြန်မြန်ရွှေ့ဖို့ဆိုလား။ ရုံးကို သံလမ်းပြေးရထား
တစ်စင်းယူသွားရမယ်။
နိဗ္ဗာန်ဈေးနေ့ကျတော့
ဒီပန်းခြံကို ရေခဲမုန့် အခုမှစားဖူးတဲ့ကြွေတွေ မလာရဘူး။
ကြွေဟာ မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝတယ်။
ကြွေပိုင်းဆိုင်ရာစော်ကားခံရခြင်းဖြစ်စဉ်။
အနည်းဆုံးအခကြေးကြွေ သတ်မှတ်နိုင်ရေး။
မြေယာလျော်ကြေး ကြွေသိန်းကျော် ရှိပြီဖြစ်ကြောင်း။
ကြွေဗေဒဌာနမှူးက နယူးယောက်မှာ
ဘွန်ဆိုင်းကြွေလေးတွေမျိုးပွားလို့ ရကြောင်း အီးမေးလ်ပို့လိုက်တယ်။
တိုင်းပြည်တာဝန်နဲ့ သံအမတ်ကြီးက လူ့အုပ်ကိုကြွေလက်မှတ်ထုတ်ပေးရန်ခက်ခဲလှသည်။
ဆီးရီးယားအစိုးရလို ကြွေဓာတ်ငွေ့ ဗုံးကြဲချလိုက်။
ပိရမစ်အသစ်ဆောက်ဖို့ ကြွေအာဇာရှင်ကြီးနီးပါပြီလားခင်ဗျာ
ကျွန်မယောက်ျားကိုကြည့်ပါဦး။ သူက ကြွေသူတော်စင်။ ။

mgyoe.com

mgyoe.com



## အစာ အစာအိမ်ပေါ်မှာ မွေးကတည်းက ဆေးမင်ကြောင် ထိုးထားတယ် သတ္တိ

နံ့ရံ့ပေါ်။ မရှိသော။ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကို။
အလေးပြုပြီး။ ကိုယ့်အိမ်ကိုယ်ရာဖြစ်သွား။
ကရင်မလင်နန်းတော်တွင်ဖြစ်စေ။ ပင်တဂွန်တွင်ဖြစ်စေ။
မီးသတ်ဦးထုပ်ဆောင်းထားသော မီးသတ်သမားများ။
ပြည်သူတွေကို မီးတောက်ထဲမှဝင်ဆွဲသူများ။ မီးသတ်
ဦးထုပ်ကိုင်ထားသောအမတ်များ။ မဟုတ်။ အကြောက်တရား
ဒိုင်းလွှားနောက်။ စာရွက်လိပ်များကိုင်ဆောင်ထား။ တွင်သာ။
စစ်သည်တော်ကြီးများကိုတွေ့ရသည်။ နှိမ့်ချဆက်ဆံခြင်း။
ဆင်းရဲမွဲတေခြင်းကိုချေမှုန်းမတဲ့။
ဥပဒေကောင်တာတွင်ထိုင်နေသော။ လွှတ်တော်အမတ်မင်းထံ။
ကျွန်တော့်လယ်တစ်ဖကလောက်များ။ ပြန်ရနိုင်မလားမသိဘူး။
မရဘူး။ မြန်မြန်အိမ်ပြန်ကြစမ်းပါဗျာ။
ပြန်လို့မရလို့ပါ။ သူတို့ သိမ်းသွားကြလို့။ ကျွန်တော့်အိမ်ဟာကျွန်တော့်
လယ်ထဲမှာ။ ကျွန်တော်ဟာ အိုးပုတ်ချိုးရုပ်လေးသာ။
သူတို့သိမ်းသွားကြတာ။ ပြန်လမ်းမရှိလို့ပါဆရာ။
ဒီလွှတ်တော်ဟာ။ အများအတွက်။ ဖွဲ့ထားတာမဟုတ်လား။
ဒါဟာ။ ကျွန်တော်တို့လွှတ်တော်။ ကျွန်တော်ကြိုက်တဲ့လူကိုပဲ။
ကျွန်တော်လိုက်မယ်။
လယ်တစ်ဖက။ ပြန်မရဘဲနဲ့တော့။ ကျွန်တော်တို့လည်းဒီကောင်တာ။
က။ ထွက်မသွားဘူး။

mgyoe.com